**ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချခြင်း)**

**အတွက်အခြေခံသတ်မှတ်ချက်များ**

၁။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လိုင်စင်ရယူလုပ်ငန်းဆောင်ရွက်မည့်ရေယာဉ်သည် စက်သုံးဆီတင်စက်တပ် ရေယာဉ်အမျိုးအစား ဖြစ်ရမည်။

(ခ) မြစ်တွင်းသွားစက်သုံးဆီတင်စက်တပ်ရေယာဉ်များအတွက် ရေယာဉ်မှတ်ပုံ တင်လက်မှတ်၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ် (Inland Vessel Safety Certificate) ရှိရမည်။

(ဂ) ကမ်းရိုးတန်းသွားစက်သုံးဆီတင်စက်တပ်ရေယာဉ်များအတွက် ရေယာဉ်မှတ်ပုံတင်လက်မှတ်၊ ကိရိယာပစ္စည်းများအန္တရာယ်ကင်းရှင်းရေးဆိုင်ရာသက်သေခံလက်မှတ် (Life Saving Appliances Certificate) နှင့် ဝန်တင်မျဉ်းဆိုင်ရာ သက်သေခံလက်မှတ် (Load Line Certificate) ရှိရမည်။

(ဃ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကုန်စည်ပို့ဆောင်ခွင့်(က) လိုင်စင်ရရှိပြီးဖြစ်ရမည်။

(င) ရေကြောင်းနှင့်သက်ဆိုင်သောဌာနများမှ Survey ပြုလုပ်၍ထုတ်ပေးသောစစ်ဆေးချက် သက်သေခံလက်မှတ် (Certificate ) များအားလုံးရရှိပြီး ဖြစ် ရမည်။

(စ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏စီမံခန့်ခွဲခွင့်ရှိသော ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များအား စက်သုံးဆီထောက်ပံ့ပေးသည့်လုပ်ငန်း ပူးတွဲလုပ်ကိုင်မည် ဆိုပါက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ( Licence To Ply) ရရှိပြီးဖြစ်ရမည်။

(ဆ) လျှပ်စစ်ပစ္စည်းများသည် မီးတောက်မထွက်စေနိုင်သောအမျိုးအစား (Flame Proof) ဖြစ်ရမည်။

(ဇ) ဆီပန့်များသည် Underwriters Laboratories Standard (UL 87) (သို့မဟုတ်) ယင်းနှင့် အလားတူနိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီမှုရှိရမည်။

(ဈ) သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနဲဆုံးဖြစ်စေရေးအတွက် စွန့်ပစ်ပစ္စည်းများစနစ်တကျ စွန့်ပစ်နိုင်ရေးအစီအမံ၊ ဆီယိုဖိတ်မှုကာကွယ်ရေးနှင့် ရှင်းလင်းရေးအစီအမံများကို စနစ်တကျ ထားရှိဆောင်ရွက်ရမည်။

(ည) ရေယာဉ်ဝန်ထမ်းများသည် တာဝန်ထမ်းဆောင်ရမှုအဆင့်အလိုက် သက်ဆိုင်ရာဌာနများမှ သတ်မှတ်ထားသည့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းဆင်းလက်မှတ် များရရှိပြီးဖြစ်ရမည့်အပြင် ဘေးကင်းလုံခြုံမှုဆိုင်ရာသင်တန်းများ တက်ရောက်ပြီး ဖြစ်ရမည်။

## လိုင်စင်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်း

၂။ ရေနံထွက်ပစ္စည်းလုပ်ငန်း (ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချခြင်း) ကို လုပ်ကိုင်လိုသူသည် အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ အဆိုပြုလျှောက်ထားရမည်–

(က) လျှောက်ထားသူ၏ (၂ x ၁.၅) လက်မဓာတ်ပုံ၊ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့်မိတ္တူ ၊ ကုမ္ပဏီ ၊ အဖွဲ့အစည်းဖြစ်ပါက ကုမ္ပဏီ ၊ အဖွဲ့အစည်း ဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်မိတ္တူ၊

(ခ) ရေယာဉ်များအား စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်မည့် ရေယာဉ်၏အမည်၊

(ဂ) ဆက်သွယ်ရန်လိပ်စာ၊Email Address နှင့် တယ်လီဖုန်းနံပါတ်၊

(ဃ) မြစ်တွင်းသွားစက်သုံးဆီတင်စက်တပ်ရေယာဉ်များအတွက် ရေယာဉ်မှတ်ပုံတင် လက်မှတ်၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ် (Inland Vessel Safety Certificate) မူရင်းနှင့်မိတ္တူ၊

(င) ကမ်းရိုးတန်းသွားစက်သုံးဆီတင်စက်တပ်ရေယာဉ်များအတွက် ရေယာဉ်မှတ်ပုံတင် လက်မှတ်၊ ဝန်တင်မျဉ်းဆိုင်ရာသက်သေခံလက်မှတ် (Load Line Certificate)၊ ကိရိယာပစ္စည်းများ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သက်သေခံလက်မှတ် (Safety Equipment Certificate) သို့မဟုတ် အသက်ကယ်ပစ္စည်းများဆိုင်ရာ သက်သေခံလက်မှတ် (Life Saving Appliances Certificate) မူရင်းနှင့် မိတ္တူ၊

(စ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကုန်စည်ပို့ဆောင်ခွင့် (က) လိုင်စင်မူရင်းနှင့်မိတ္တူ၊

(ဆ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏စီမံခန့်ခွဲခွင့်ရှိသော ဆိပ်ကမ်းနယ်နိမိတ်အတွင်း စက်သုံးဆီ ထောက်ပံ့ပေးသည့်လုပ်ငန်း ပူးတွဲလုပ်ကိုင်မည်ဆိုပါက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်(LicenceTo Ply) မူရင်း နှင့်မိတ္တူ၊

(ဇ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စိစစ်အတည်ပြုထားသော ရေယာဉ်၏အသေးစိတ်ပုံစံများ၊

(ဈ) ရေယာဉ်၏ ရေချိန်ဇယား (Calibration Table)၊

(ည) သိုလှောင်ဖြန့်ဖြူးရောင်းချမည့်စက်သုံးဆီအမျိုးအစားများနှင့်ဝင်ဆံ့ဂါလန်ပမာဏ၊

(ဋ) သတ္တုတွင်းဦးစီးဌာန၏ ရေနံထွက်ပစ္စည်းသယ်ယူခွင့်ခွင့်ပြုမိန့်မူရင်းနှင့်မိတ္တူ၊

(ဌ) သက်ဆိုင်ရာမြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ဆိုင်ရာသဘောထား မှတ်ချက်၊

(ဍ) ရေယာဉ်၏ ရှေ့၊ နောက်၊ ဝဲ၊ ယာ ရိုက်ကူးထားသည့် ( ၄″ x ၆″ )အရွယ် ရောင်စုံဓာတ်ပုံ (၄)ပုံ၊

(ပ) ရေယာဉ်၏ စက်သုံးဆီသိုလှောင်ကန်များနှင့် စက်သုံးဆီဖြန့်ဖြူးမှုလုပ်ငန်းသုံးဆက်စပ်ပစ္စည်း ကိရိယာများ၏ ဓာတ်ပုံများ၊

၃။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံထွက်ပစ္စည်းလုပ်ငန်း လိုင်စင် (ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချခြင်း) အဆိုပြုလျှောက်ထားမှုကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ အကယ်၍လျှောက်ထားမှုကိုငြင်းပယ်ခဲ့လျှင် မည်သည့်အကြောင်းကြောင့် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်း ကြားမည်။

၄။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရုံးချုပ်သည် လျှောက်ထားချက်အပေါ် စစ်ဆေးစိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်းတွေ့ရှိရပါက သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ် ကြီးကြပ်စစ်ဆေးရေး အရာရှိဦးစီးသည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးမည်။ သတ်မှတ်ချက်များနှင့် ကိုက်ညီမမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ပြုပြင်ဆောင်ရွက်စေပြီး ထပ်မံကွင်းဆင်းစစ်ဆေးရမည်။

၅။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိ ဦးဆောင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ချက်နှင့်ကိုက်ညီ၍ လိုင်စင်ထုတ်ပေးသင့်ကြောင်း ထောက်ခံတင်ပြလျှင် ရုံးချုပ်ကလျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီအစည်းအဝေးသို့ တင်ပြမည်။

၆။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီအစည်းအဝေးက လိုင်စင် ထုတ်ပေးရန်ဆုံးဖြတ်ပါက သက်တမ်း (၁) နှစ်ရှိရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ရေကြောင်း ဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချခြင်း) ကို ထုတ်ပေးမည်။

၇။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်း ချခြင်း) ၏ သက်တမ်းမှာ လိုင်စင်ခွင့်ပြုသည့်နေ့မှစတင်၍ (၁)နှစ်တိတိဖြစ်သည်။

၈။ လိုင်စင်ရရှိသူသည် ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူ ဖြန့်ဖြူးရောင်းချခြင်း)နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် ကျသင့်သောအခကြေးငွေများကို ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

## လိုင်စင်သက်တမ်းတိုးခြင်း

၉။ လိုင်စင်ရရှိသူသည် လိုင်စင်စတင်ခွင့်ပြုထုတ်ပေးသည့်ရက်မှစတင်၍ လိုင်စင်သက်တမ်း မကုန်ဆုံးမီ ၂ လအတွင်း လိုင်စင်သက်တမ်းတိုးမြှင့်ခွင့်ပြုရန် လျှောက်လွှာနှင့်အတူအောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ပိုင်ရှင်၏ ကိုယ်တိုင်ရေးလျှောက်လွှာမူရင်း၊

(ခ) လိုင်စင်ရရှိသူ၏ နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့်မိတ္တူ ၊ ကုမ္ပဏီ၊ အဖွဲ့အစည်း ဖြစ်ပါက ကုမ္ပဏီ၊ အဖွဲ့အစည်း ဖွဲ့စည်းတည်ထောင်မှုသက်သေခံလက်မှတ် မိတ္တူ၊

(ဂ) ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချခြင်း) မူရင်းနှင့် မိတ္တူ၊

(ဃ) မြစ်တွင်းသွားစက်သုံးဆီတင်စက်တပ်ရေယာဉ်များအတွက်သက်တမ်းရှိ ရေယာဉ် မှတ်ပုံတင်လက်မှတ်၊ ပြည်တွင်းရေကြောင်းသွားရေယာဉ် အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ် (Inland Vessel Safety Certificate) မူရင်း နှင့်မိတ္တူ၊

(င) ကမ်းရိုးတန်းသွားစက်သုံးဆီတင်စက်တပ်ရေယာဉ်များအတွက် သက်တမ်းရှိရေယာဉ်မှတ်ပုံတင် လက်မှတ်၊ ဝန်တင်မျဉ်းဆိုင်ရာသက်သေခံလက်မှတ် (Load Line Certificate)၊ ကိရိယာပစ္စည်းများ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သက်သေခံလက်မှတ် (Safety Equipment Certificate) သို့မဟုတ် အသက် ကယ်ပစ္စည်းများဆိုင်ရာသက်သေခံလက်မှတ် (Life Saving Appliances Certificate) မူရင်းနှင့်မိတ္တူ၊

(စ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ သက်တမ်းရှိကုန်စည်ပို့ဆောင်ခွင့်(က) လိုင်စင်မူရင်းနှင့် မိတ္တူ၊

(ဆ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သက်တမ်းရှိလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် (LicenceToPly) မူရင်း နှင့်မိတ္တူ၊

(ဇ) သတ္တုတွင်းဦးစီးဌာန၏ ရေနံထွက်ပစ္စည်းသယ်ယူခွင့် ခွင့်ပြုမိန့်မူရင်းနှင့်မိတ္တူ၊

(ဈ) သက်ဆိုင်ရာမြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ဆိုင်ရာသဘောထား မှတ်ချက်၊

၁၀။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံထွက်ပစ္စည်းလုပ်ငန်း (ရေကြောင်းဖြင့်စက်သုံးဆီ သယ်ယူဖြန့်ဖြူးရောင်းချခြင်း)အား ကွင်းဆင်းစစ်ဆေးစိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိလျှင် လိုင်စင်သက်တမ်း(၁)နှစ်တိုးမြှင့်ပေးမည်။

၁၁။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချခြင်း) သက်တမ်းတိုးခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့်ကျသင့်သောအခကြေးငွေများကို ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

**သိုလှောင်ဖြန့်ဖြူးရောင်းချမည့်ပမာဏပြင်ဆင်ပြောင်းလဲခြင်း**

၁၂။ ရေနံထွက်ပစ္စည်းလုပ်ငန်း (ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချခြင်း) အား သိုလှောင်ဖြန့်ဖြူးရောင်းချမည့် ပမာဏပြင်ဆင်ပြောင်းလဲခွင့်ပြုရန် လျှောက်လွှာနှင့်အတူအောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) လိုင်စင်ရရှိသူ၏ နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ မှတ်ပုံတင်လက်မှတ်မူရင်းနှင့် မိတ္တူ၊

(ခ) ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင်(ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချခြင်း) မူရင်းနှင့်မိတ္တူ၊

(ဂ) မြစ်တွင်းသွားစက်သုံးဆီတင်စက်တပ်ရေယာဉ်များအတွက် ပြင်ဆင်ပြောင်းလဲမှုနှင့် ကိုက်ညီသည့် သက်တမ်းရှိရေယာဉ်မှတ်ပုံတင်လက်မှတ်၊ ပြည်တွင်းရေကြောင်းသွား ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ် (Inland Vessel Safety Certificate) မူရင်းနှင့်မိတ္တူ၊

(ဃ) ကမ်းရိုးတန်းသွားစက်သုံးဆီတင်စက်တပ်ရေယာဉ်များအတွက် ပြင်ဆင်ပြောင်းလဲမှုနှင့် ကိုက်ညီသည့်သက်တမ်းရှိ ရေယာဉ်မှတ်ပုံတင်လက်မှတ်၊ ဝန်တင်မျဉ်းဆိုင်ရာသက်သေခံလက်မှတ် (Load Line Certificate)၊ ကိရိယာပစ္စည်းများအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သက်သေခံလက်မှတ် (Safety Equipment Certificate) သို့မဟုတ် အသက်ကယ်ပစ္စည်းများဆိုင်ရာ သက်သေခံလက်မှတ် (Life Saving Appliances Certificate) မူရင်းနှင့် မိတ္တူ၊

(င) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြင်ဆင်ပြောင်းလဲမှုအတွက် စိစစ်အတည်ပြုထားသော ရေယာဉ်၏ အသေးစိတ်ပုံစံများ၊

(စ) ပြင်ဆင်ပြောင်းလဲထားသည့်ရေယာဉ်၏ ရေချိန်ဇယား (Ship Calibration Table)၊

(ဆ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပြင်ဆင်ပြောင်းလဲမှုနှင့်ကိုက်ညီသည့် သက်တမ်းရှိကုန်စည်ပို့ဆောင်ခွင့်(က)လိုင်စင်မူရင်းနှင့်မိတ္တူ၊

(ဇ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ပြင်ဆင်ပြောင်းလဲမှုနှင့်ကိုက်ညီသည့် သက်တမ်းရှိလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် (LicenceTo Ply) မူရင်းနှင့်မိတ္တူ၊

(ဈ) သတ္တုတွင်းဦးစီးဌာန၏ ရေနံထွက်ပစ္စည်းသယ်ယူခွင့်ခွင့်ပြုမိန့်မူရင်းနှင့်မိတ္တူ၊

(ည) သက်ဆိုင်ရာမြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ဆိုင်ရာသဘောထား မှတ်ချက်၊

၁၃။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် လျှောက်ထားမှုအား စိစစ်၍ ကိုက်ညီပါက ရေနံထွက်ပစ္စည်းလုပ်ငန်း (ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချခြင်း) အား ပြင်ဆင် ပြောင်းလဲဆောင်ရွက်ခွင့်ပြုမည်။

၁၄။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချခြင်း) ပြင်ဆင်ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့်ကျသင့်သောအခကြေးငွေများကို ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

## ပိုင်ရှင်အမည်ပြောင်းလဲခြင်း

၁၅။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူး ရောင်းချခြင်း)အား ပိုင်ရှင်အမည်ပြောင်းလဲခွင့်ပြုပါရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ပိုင်ရှင်အမည်ပြောင်းလဲလိုသူ၏ (၂ x ၁.၅) လက်မဓာတ်ပုံ၊ အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ သို့မဟုတ် ကုမ္ပဏီ၊ အဖွဲ့အစည်းဖြစ်ပါက ကုမ္ပဏီ၊ အဖွဲ့အစည်း ဖွဲ့စည်းတည်ထောင်မှုသက်သေခံလက်မှတ်မိတ္တူ၊

(ခ) ဆက်သွယ်ရန်လိပ်စာ၊ Email Address နှင့် တယ်လီဖုန်းနံပါတ်၊

(ဂ) ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင်(ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူး ရောင်းချခြင်း) မူရင်းနှင့်မိတ္တူ၊

(ဃ) မူလပိုင်ရှင်နှင့် ပိုင်ရှင်အမည်ပြောင်းလဲလိုသူတို့၏ နှစ်ဦးသဘောတူအရောင်း အဝယ်စာချုပ်မူရင်းနှင့်မိတ္တူ၊

(င) မူလပိုင်ရှင်နှင့်ပတ်သက်သည့် မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ဆိုင်ရာ သဘောထားမှတ်ချက်၊

(စ) ပိုင်ရှင်အမည်ပြောင်းလဲခြင်းအပေါ် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ဆ) မြစ်တွင်းသွားစက်သုံးဆီတင်စက်တပ်ရေယာဉ်များအတွက် အမည်ပြောင်းလဲပြီးရေယာဉ်မှတ်ပုံတင်လက်မှတ်၊ ပြည်တွင်းရေကြောင်းသွားရေယာဉ် အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ် (Inland Vessel Safety Certificate) မူရင်း နှင့်မိတ္တူ၊

(ဇ) ကမ်းရိုးတန်းသွားစက်သုံးဆီတင်စက်တပ်ရေယာဉ်များအတွက် အမည်ပြောင်းလဲပြီးရေယာဉ်မှတ်ပုံတင်လက်မှတ်၊ ကိရိယာပစ္စည်းများအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာသက်သေခံလက်မှတ် (Safety Equipment Certificate) (သို့မဟုတ်) အသက်ကယ်ပစ္စည်းများ ဆိုင်ရာသက်သေခံလက်မှတ် (Life Saving Appliances Certificate) နှင့် ဝန်တင်မျဉ်းဆိုင်ရာသက်သေခံ လက်မှတ် (Load Line Certificate) မူရင်းနှင့်မိတ္တူ၊

(ဈ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏အမည်ပြောင်းလဲပြီး ကုန်စည်ပို့ဆောင်ခွင့် (က)လိုင်စင်မူရင်းနှင့်မိတ္တူ၊

(ည) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အမည်ပြောင်းလဲပြီး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် (Licence To Ply)မူရင်းနှင့်မိတ္တူ၊

(ဋ) သတ္တုတွင်းဦးစီးဌာန၏ ရေနံထွက်ပစ္စည်းသယ်ယူခွင့် ခွင့်ပြုမိန့်မူရင်းနှင့် မိတ္တူ၊

၁၆။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချခြင်း) ပိုင်ရှင်အမည်ပြောင်းလဲလျှောက်ထားမှုအားစိစစ်၍ သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိပါက ပိုင်ရှင်အမည်ပြောင်းလဲခွင့်ပြုမည်။

၁၇။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချခြင်း) ပိုင်ရှင်အမည်ပြောင်းလဲသူက သတ်မှတ်ထားသည့် ကျသင့်သောအခကြေးငွေများကို ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

## ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန်လျှောက်ထားခြင်း

၁၈။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချခြင်း) ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် လျှောက်လွှာနှင့်အတူအောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ပျက်စီး သို့မဟုတ် ပျောက်ဆုံးကြောင်းပိုင်ရှင်၏ ကတိဝန်ခံချက်မူရင်း၊

(ခ) ပျက်စီး သို့မဟုတ် ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်းသက်ဆိုင်ရာနယ်မြေရဲစခန်း၏ ထောက်ခံချက်မူရင်း၊

(ဂ) ပျက်စီး သို့မဟုတ် ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်းမြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊

၁၉။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချခြင်း) ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအားစိစစ်၍ သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိပါက မိတ္တူမှန်ထုတ်ပေးမည်။

၂၀။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချခြင်း) ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် ကျသင့်သောအခကြေးငွေများကို ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ပေးသွင်း ရမည်။

## လိုင်စင်အဆိုပြုလျှောက်လွှာပုံစံ

သို့

ညွှန်ကြားရေးမှူးချုပ်
ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
နေပြည်တော်

၁.၅"
၂" ဓာတ်ပုံ

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ .....လ .... ရက်

အကြောင်းအရာ။ **ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင်** (ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချခြင်း) **အဆိုပြုလျှောက်ထားခြင်း**

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်/ကျွန်မ၊ ဦး/ဒေါ်.........၊ မှတ်ပုံတင်အမှတ်...........(နိုင်) .............. သည် .........တိုင်းဒေသကြီး/ပြည်နယ်၊ .........ခရိုင်၊ ......... မြို့ အခြေပြုဆိပ်ကမ်းများတွင် "..............." အမည်ဖြင့် ရေနံထွက်ပစ္စည်းလုပ်ငန်း (ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချခြင်း)လုပ်ကိုင်လိုပါသဖြင့် ရေယဉ်ဆိုင်ရာအချက်အလက်များ၊ သက်ဆိုင်ရာစာရွက်စာတမ်းများနှင့်အတူ လျှောက်ထားအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | လျှောက်ထားသူအမည်/ | - | ဦး/ဒေါ် .................. |
| | ကုမ္ပဏီအဖွဲ့အစည်းအမည် | - | ........................... |
| | မှတ်ပုံတင်အမှတ် | - | .........(နိုင်)....../............. |
| (ခ) | ဆက်သွယ်ရန်လိပ်စာ | - | .........တိုင်းဒေသကြီး/ပြည်နယ်၊........ခရိုင်၊.........မြို့နယ်၊ ...........ကျေးရွာအုပ်စု |
| (ဂ) | ဖုန်းနံပါတ် | - | ................... |
| (ဃ) | လျှောက်ထားသည့်လိုင်စင်အမျိုးအစား | - | ရေကြောင်းဖြင့်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| (င) | ရေယာဉ်အမည် | - | ................... |
| (စ) | အင်ဂျင်အမျိုးအစား | - | ................... |
| (ဆ) | အင်ဂျင်ပါဝါ | - | ................... |
| (ဇ) | ဂါလန်ပမာဏ | - | ...............ဂါလန် |
| (ဈ) | အခြေပြုဆိပ်ကမ်း | - | ................... |

**ပူးတွဲ**

- နိုင်ငံသားစိစစ်ရေးကတ်ပြား/ ကုမ္ပဏီ ၊ အဖွဲ့အစည်း ဖွဲ့စည်းတည်ထောင်မှုသက်သေခံလက်မှတ်မိတ္တူ။
- ရေယာဉ်မှတ်ပုံတင်လက်မှတ်၊
- ပြည်တွင်းရေကြောင်းသွားရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ် (Inland Vessel Safety Certificate) ၊
- ကမ်းရိုးတန်းသွားစက်သုံးဆီတင်စက်တပ်ရေယာဉ်များအတွက် ရေယာဉ်မှတ်ပုံတင်လက်မှတ်၊ ဝန်တင်မျဉ်းဆိုင်ရာ သက်သေခံလက်မှတ် (Load Line Certificate)၊ ကိရိယာပစ္စည်းများအန္တရာယ်ကင်းရှင်းရေးဆိုင်ရာသက်သေခံ လက်မှတ် (Safety Equipment Certificate) သို့မဟုတ် အသက်ကယ်ပစ္စည်းများဆိုင်ရာသက်သေခံလက်မှတ် (Life Saving Appliances Certificate)၊
- ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကုန်စည်ပို့ဆောင်ခွင့် (က) လိုင်စင်၊
- မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်(LicenceTo Ply)၊
- သတ္တုတွင်းဦးစီးဌာန၏ ရေနံထွက်ပစ္စည်းသယ်ယူခွင့် ခွင့်ပြုမိန့်၊

လေးစားစွာဖြင့်

| | | |
|---|---|---|
| လျှောက်ထားသူအမည် | - | ဦး/ဒေါ်..................... |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | - | ..../.......(နိုင်)............ |
| နေရပ်လိပ်စာ | - | ..............တိုင်းဒေသကြီး/ပြည်နယ်၊ ..........ခရိုင်၊........မြို့နယ်၊ |
| ဖုန်းနံပါတ် | - | ........................ |